# အမေရိကန်ဒေါ်လာအားကောင်းလာခြင်းက အာရှအစိုးရများကို ငွေကြေးကာကွယ်ရေးကို မြှင့်တင်ရန် တွန်းအားပေးနေ

၁။ အာရှတိုက်ရှိ အစိုးရများသည် ယခုနှစ်အတွင်း အင်အားကြီးမားသော အမေရိကန်ဒေါ်လာကြောင့် တန်ဖိုးကျဆင်းခဲ့ရသည့် ၎င်းတို့၏ငွေကြေးများကို ဆက်လက်ကျဆင်းမှုရပ်တန့်ရန် ပိုမိုလုပ်ဆောင်လျက်ရှိကြပါသည်။ အမေရိကန် စီးပွားရေးအားကောင်းမှုနှင့် ၎င်း၏ ကာလကြာရှည်လေ၊ ပိုမိုမြင့်မားလေဖြစ်သော အတိုးနှုန်းထားများက အာရှငွေကြေးများကို အားနည်းစေလျက်ရှိရာ အာရှမူဝါဒချမှတ်သူများက နှုတ်ဖြင့်သတိပေးချက်များ ထုတ်ပြန်ခြင်းမှသည် အတိုးနှုန်းမြှင့်တင်ခြင်းအထိ အမျိုးမျိုးသော အမျိုးမျိုးသော အတိုင်းအတာများဖြင့် တုံ့ပြန်လျက် ရှိကြပါသည်။ ၎င်းတို့၏ပြည်တွင်းငွေကြေးကို ဝယ်ယူခြင်းဖြင့် ကြားဝင်စွက်ဖက်သည်ဟုပင် အချို့သောသူများက ယုံကြည်ကြသည်ဖြစ်ရာ ဗဟိုဘဏ်၏ ယုံကြည်စိတ်ချရမှုကို နှောင့်ယှက်နိုင်သည့် လှည့်စားမှုတစ်ခုဖြစ်ပါသည်။

၂။ အမေရိကန်ဗဟိုဘဏ်သည် မေလအစောပိုင်းတွင် ၎င်း၏ အတိုးနှုန်းကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လကတည်းကထားရှိထားသည့် (၅.၂၅) %- ( ၅.၅၀)% အကွာအဝေးတွင် မပြောင်းလဲဘဲထားရှိလာခဲ့ပါသည်။ ယခင်လအချက်အလက်များက ယန်းငွေအပေါ် ကြီးစွာသက်ရောက်စေခဲ့သောကြောင့် မေလ (၁၅) ရက်နေ့တွင် ထွက်ပေါ်လာသော အမေရိကန်၏ ဧပြီလအတွက် စားသုံးသူဈေးနှုန်းအညွှန်းကိန်းအပေါ် ငွေကြေးဆိုင်ရာ လေ့လာဆန်းစစ်သူများသည် အာရုံစိုက်နေကြပါသည်။

၃။ အမေရိကန်၏ စားသုံးသူဈေးနှုန်းအညွှန်းကိန်း (CPI) သည် ၂၀၂၄ ခုနှစ်၊ ပထမ (၃) လအတွင်း (၀.၄) ရာခိုင်နှုန်းမြင့်တက်ခဲ့ရာမှ ဧပြီလတွင် (၀.၃) ရာခိုင်နှုန်းသို့ အနည်းငယ်ကျဆင်းသွားခဲ့ပါသည်။ မော်တော်ယာဉ်၊ လောင်စာဆီ၊ အဆောက်အ

အုံသုံးပစ္စည်းပစ္စယများနှင့် စားသောက်ကုန်ဝန်ဆောင်မှု လက်လီရောင်းချမှုများမှာ မတ်လအတွင်း (၁.၀) ရာခိုင်နှုန်း တက်လာပြီးနောက် ဧပြီလတွင် (၀.၃) ရာခိုင်နှုန်း ကျဆင်းသွားခဲ့ပါသည်။ အထူးသဖြင့် ကပ်ရောဂါအလွန်နောက်ပိုင်းတွင် လူအများသည် မော်တော်ယာဉ်အသစ် ဝယ်လိုအားထက် အသုံးပြုပြီး မော်တော်ယာဉ်များကို ပိုမိုဝယ်ယူကြခြင်း (သို့မဟုတ်) မိမိတွင်ရှိထားသည့်ယာဉ်များကိုသာ မောင်းနှင်နေကြခြင်း၊ ယာဉ်များကို ပြင်ဆင်ရသဖြင့် အာမခံကြေးများ မြင့်တက်လာခြင်း၊ လောင်စာဆီဈေးနှုန်း မြင့်မားလာခြင်း၊ ပညာရေးနှင့် ကျန်းမာရေး စရိတ်စကများ မြင့်တက်လာခြင်းတို့ဖြင့် ကြုံတွေ့လာရပါသည်။ ထို့ကြောင့် ပြည်တွင်းဝယ်လိုအားကျဆင်းလာသည်ကို လေ့လာတွေ့ရှိပါသည်။

၄။ မကြာသေးမီက အမေရိကန်၏ စီးပွားရေးနှင့် လယ်ယာမှမဟုတ်သော ဝင်ငွေ အချက်အလက်အချို့တို့မှာ အားနည်းနေသဖြင့် အာရှနိုင်ငံများ ခေတ္တအသက်ရှူချောင်ခဲ့ကြပါသည်။ သို့ရာတွင် ၎င်းအချက်အလက်များသက်သက်ဖြင့် ဒေါ်လာဈေးကျဆင်းစေမည် မဟုတ်ကြောင်း၊ အမေရိကန်ငွေကြေးဖောင်းပွမှုဒေတာက ဒေါ်လာ - အာရှငွေကြေးများအတွက် နောက်ထပ်လှုပ်ရှားမှုကိုဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း စင်ကာပူ Maybank ၏ အကြီးတန်း ငွေကြေးဗျူဟာမှူး Fiona Lim က မှတ်ချက်ပြုပါသည်။

၅။ အနာဂတ် ဗဟိုအတိုးနှုန်း (Federal funds rate futures) ကို ခြေရာခံလေ့ရှိသည့် tracker CME FedWatch tool အရ လာမည့်ဇွန်လတွင်ကျင်းပမည့် Federal Open Market Committee အစည်းအဝေးအပြီးတွင် US နှုန်းထားဖြတ်တောက်ရန် အခွင့်အလမ်း (၈.၅) % နှင့် ဇူလိုင်လ အစည်းအဝေးတွင် (၃၃) % ဖြစ်နိုင်ကြောင်း ကုန်သည်များက ခန့်မှန်းနေကြပါသည်။ တစ်ဖက်ဖော်ပြပါဂရပ်ဖ်ပုံတွင်

အမေရိကန်ဒေါ်လာအားကောင်းလာခြင်းကြောင့် အာရှငွေကြေးများ၏ ငွေလဲနှုန်း ထိခိုက်ခဲ့ရသော ရာခိုင်နှုန်းကို တွေ့မြင်နိုင်ပါသည် -




**ဂျပန်ယန်းငွေ (JPY)**

၆။ ခန့်မှန်းထားသည်ထက် ပိုမိုအားကောင်းသော အမေရိကန်စီးပွားရေးကြောင့် ဂျပန်ယန်းငွေမှာ ထိခိုက်မှုအရှိဆုံး အာရှငွေကြေးများထဲမှ တစ်ခုဖြစ်လာပါသည်။ တရားဝင်အချက်အလက်များ ထုတ်ပြန်ခြင်းမရှိသေးသော်လည်း ဂျပန်အစိုးရက ၎င်း၏ငွေကြေးကို ဧပြီလ ၂၉ ရက်နှင့် မေလ ၁ ရက်တို့တွင် နှစ်ကြိမ်ကြားဝင်စွက်ဖက်ခဲ့ပုံရကြောင်း လေ့လာသုံးသပ်သူများက ပြောကြားခဲ့ပါသည်။

၇။ ပထမဆုံး သံသယဖြစ်ဖွယ် ဝင်ရောက်စွက်ဖက်မှုမတိုင်မီက တစ်ဒေါ်လာလျှင် ယန်းငွေ (၁၆၀) ယန်းကို ကျော်လွန်သွားခဲ့ပြီး (၃၄) နှစ်အတွင်း အနိမ့်ဆုံးအဖြစ် ကျဆင်းသွားခဲ့ပါသည်။ ထိုသို့ယန်းငွေ၏ ကျဆင်းမှုကြောင့် အမေရိကန်ဒေါ်လာနှင့် ဂျပန်ယန်းငွေတို့ကြား အကြမ်းဖျင်း (၅) ရာခိုင်နှုန်း ကွာဟသည်အထိ ဖြစ်ပေါ်ခဲ့ပါသည်။ ယခုနှစ်တွင် ဂျပန်ယန်းငွေ (၉.၄) % ကျဆင်းသွားကာ တစ်ဒေါ်လာလျှင် (၁၅၅) ယန်း အကွာအဝေး၌သာ အတက်အကျဖြစ်နေကြောင်း Refinitiv ၏အဆိုအရ သိရပါသည်။ ပိုမိုများပြားလာသော ဒေါ်လာရောင်းချမှုနှင့် ယန်းငွေဝယ်ယူမှုကြားတွင် အမေရိကန်မှ ကျောထောက်နောက်ခံမပြုသောကြောင့် ဂျပန်အတွက်ခက်ခဲကြောင်း Mizuho Securities မှ chief desk strategist ဖြစ်သူ Shoki Omori မှပြောကြားခဲ့ပါသည်။

၈။ တစ်ဖက်ဖော်ပြပါဂရပ်ဖ်ပုံတွင် (၂၅)နှစ်တာ ကာလအတွင်း အပြောင်းအလဲဖြစ်ပေါ်ခဲ့သော အမေရိကန်ဒေါ်လာနှင့် ဂျပန်ယန်းငွေ လဲလှယ်နှုန်းများကို ဖော်ပြထားပါသည်။ ယန်းငွေတန်ဖိုးအတက်ဆုံးကာလမှာ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖြစ်ပေါ်ခဲ့သော (၇၆.၁၉၀) ယန်းဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်၊ မေလ (၁၉) ရက်နေ့တွင် အမေရိကန်တစ်ဒေါ်လာလျှင် (၁၅၅.၆၁) ယန်း ဖြစ်ကာ၊ ယန်းငွေတန်ဖိုးအကျဆုံးကာလသို့ ရောက်ရှိနေကြောင်း လေ့လာတွေ့ရှိပါသည် -




ရင်းမြစ်၊ Tradingeconomics.com

၉။ အမေရိကန်ဘဏ္ဍာရေးဝန်ကြီး Janet Yellen က ဂျပန်မှ ကြားဝင်စွက်ဖက်ခြင်း ရှိမရှိကို မှတ်ချက်မပေးသော်လည်း အဆိုပါ ကြားဝင်ဆောင်ရွက်မှုများသည် ရှားရှားပါးပါးဖြစ်ပြီး ညှိနှိုင်းမှုပြုလုပ်ရန် မျှော်လင့်ထားကြောင်း ယခုလအစောပိုင်းတွင် ပြောကြားခဲ့ပါသည်။ ပြီးခဲ့သည့်သီတင်းပတ် Bank of Japan ၏ ဧပြီလ ငွေကြေးမူဝါဒအစည်းအဝေးမှ သဘောထားအမြင်အကျဉ်းချုပ် ထုတ်ပြန်ချက်တွင် အုပ်ချုပ်ရေးမှူး Kazuo Ueda ၏ သဘောထားမှတ်ချက်များမှာ ယခင် ထုတ်ပြန်ချက်များနှင့် နှိုင်းယှဉ်ပါက ပျော့ပျောင်းမှုမရှိသည်ကို တွေ့ရပါသည်။ ဘုတ်အဖွဲ့ဝင်အချို့က နှုန်းထားများ အရှိန်မြင့်နိုင်ခြေကို တွေးမြင်ခဲ့ကြပြီး BOJ အနေဖြင့် ၎င်း၏ ငွေချေးစာချုပ်များ ဝယ်ယူမှုများကို လျှော့ချသင့်ကြောင်း အဖွဲ့ဝင်အများစုက အကြံပြုခဲ့ကြပါသည်။ သို့သော် Mizuho Securities ၏ Omori က ယန်း၏အားနည်းချက်ကို ပြောင်း

ပြန်လှန်ရန် "ငွေကျည်ဆန်မရှိ" ဟူသော အခြေခံများ မပြောင်းလဲမီအထိ ယန်းအပေါ် ရေတိုလောင်းကြေးများ ဆက်လက်ရှိနေဦးမည်ဟု မျှော်လင့်ထားပါသည်။

၁၀။ ယန်းငွေကို အရောင်းအဝယ်ပြုလုပ်နေမှုများမှာ ဆက်လက်ဖြစ်ပေါ်နေဦးမည်ဖြစ်ကြောင်း၊ တိုးပေးသည်နှင့်တစ်ပြိုင်နက် အခြေခံ (၅၀) တိုးပေးရန်နှင့် ကာလတို ငွေချေးစာချုပ်ဝယ်ယူမှုကို လျှော့ချရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများသည် BOJ နှုန်းထား တိုးနိုင်ခြေအလားအလာကို ဇူလိုင်လတွင် (၁၇.၅) % နှင့် အောက်တိုဘာလတွင် (၂၅) % ကို မျှော်မှန်း၍ ဈေးနှုန်းသတ်မှတ်ထားကြောင်း ၎င်းက ဆိုပါသည်။

## ထိုင်းဘတ်ငွေ (THB)

၁၁။ ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာပေါ်တွင် မသေချာမရေရာမှုများ မြင့်တက်နေသည့်ကြားမှ စီးပွားရေးတိုးတက်မှုနှင့် ငွေကြေးဖောင်းပွမှု ဖိအားများ ပိုမိုများပြားလာနိုင်ကြောင်း မျှော်တွေးလျက် ထိုင်းနိုင်ငံက ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအတွင်း ၎င်း၏အဓိကအတိုးနှုန်းကို မမျှော်လင့်ဘဲ မြှင့်တင်ခဲ့ပါသည်။ နှုန်းထားဆုံးဖြတ်ချက်ပြီးနောက် ထိုင်းဘတ်ငွေသည် (၀.၅) % ကျဆင်းခဲ့ကာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် (၃၆.၅၃) ဘတ်ဖြစ်ခဲ့ပါသည်။ ထိုင်းဘတ်ငွေမှာ တစ်ဒေါ်လာလျှင် (၃၆) ဘတ်ဝန်းကျင်၌ မပြောင်းလဲဘဲ တည်ရှိနေကာ၊ ယခုနှစ်စပိုင်းမှစ၍ (၆) ရာခိုင်နှုန်းနီးပါး အရှုံးပြနေသဖြင့် ထိခိုက်မှုအရှိဆုံးထွန်းသစ်စ အာရှငွေကြေးများအနက် ငွေကြေးတစ်ရပ်အဖြစ် ပါဝင်နေပါသည်။

၁၂။ တစ်ဖက်ဖော်ပြပါဂရပ်ဖ်ပုံတွင် (၂၅)နှစ်တာ ကာလအတွင်း အပြောင်းအလဲဖြစ်ပေါ်ခဲ့သော အမေရိကန်ဒေါ်လာနှင့် ထိုင်းဘတ်ငွေ လဲလှယ်နှုန်းများကို ဖော်ပြ

ထားပြီး ဘတ်ငွေတန်ဖိုးအတက်ဆုံးကာလမှာ ၂၀၁၃ ခုနှစ်၊ ဧပြီလတွင်ဖြစ်ကာ၊ ဖြစ်ပေါ်ခဲ့သော နှုန်းထားမှာ (၂၉.၂၆၀) ဘတ်ဖြစ်ပါသည်။ ဘတ်ငွေတန်ဖိုးအကျဆုံးအချိန်ကာလမှာ ၂၀၀၁ ခုနှစ်၊ ဇူလိုင်လတွင်ဖြစ်ကာ၊ ဖြစ်ပေါ်ခဲ့သော နှုန်းထားမှာ (၄၅.၆၇၀) ဘတ်ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်၊ မေလ (၁၉) ရက်နေ့တွင် ဖြစ်ပေါ်သော ငွေလဲနှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် (၃၆.၀၈၆) ဘတ် ဖြစ်ပါသည် -




ရင်းမြစ်၊ Tradingeconomics.com

၁၃။ ၂၀၂၄ ခုနှစ်တွင် Easy E-Receipt လှုပ်ရှားမှုမှ အကျိုးခံစားခွင့် လျော့ပါးသွားခြင်းကြောင့် ထိုင်းနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားကဏ္ဍ အနည်းငယ်အားနည်းလာသဖြင့် ပြည်တွင်းဝယ်လိုအား (အထူးသဖြင့် မော်တော်ယာဉ်နှင့် ဆောက်လုပ်ရေးသုံးပစ္စည်း)လည်း အားလျော့လာပါသည်။ ထိုင်းနိုင်ငံမှ ပို့ကုန်များနှင့် စက်မှုကုန်ထုတ်လုပ်မှုမှာ ကမ္ဘာ့ဝယ်လိုအား နှေးကွေးမှုနှင့် ထုတ်လုပ်မှုကို ဖိနှိပ်သော ဖွဲ့စည်းပုံဆိုင်ရာအချက်အလက်များကြောင့် ထိုင်းမှိုင်းလျက် ရှိကာ စားသောက်ကုန်ဈေးနှုန်းများမှာ

လည်း မြင့်တက်လျက်ပါသည်။ ၂၀၂၄ ခုနှစ် ပထမသုံးလအတွင်း ပို့ကုန်ပိုင်းတွင် ဩစတြေးလျနှင့် အရှေ့အလယ်ပိုင်းသို့ လုပ်ငန်းသုံးယာဉ်များနှင့် အမေရိကန်သို့ တာယာများ တင်ပို့မှု၊ မလေးရှားသို့ လောင်စာဆီတင်ပို့မှု၊ အိန္ဒိယနှင့် တရုတ်သို့ ဓာတုပစ္စည်းနှင့် ရေနံဓာတုပစ္စည်းတင်ပို့မှုတို့ ကျဆင်းခဲ့ပါသည်။ ၂၀၂၄ ဘတ်ဂျက်နှောင့်နှေးမှုကြောင့် အစိုးရအသုံးစရိတ်လည်း ကျုံ့လျက်ရှိပါသည်။

## ထိုင်ဝမ်ဒေါ်လာ (TWD)

၁၄။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် နိုင်ငံခြားအရန်ငွေ ဒေါ်လာ (၃.၁၇) ထရီလီယံ ကိုင်ဆောင်ခဲ့သော တရုတ်နိုင်ငံ၊ ဒေါ်လာ (၁.၁၄) ထရီလီယံ ကိုင်ဆောင်ခဲ့သော ဂျပန်နိုင်ငံ၊ ဒေါ်လာ (၇၃၃.၆) ဘီလီယံကိုင်ဆောင်ခဲ့သော ဆွစ်ဇာလန်နိုင်ငံတို့ပြီးလျှင် ထိုင်ဝမ်က စတုတ္ထနေရာတွင် ရပ်တည်ခဲ့ပါသည်။ ဟောင်ကောင်၏ နောက်တွင် အိန္ဒိယနိုင်ငံက ဒေါ်လာ (၅၄၉.၇) ဘီလီယံဖြင့် ပဉ္စမနေရာတွင် ရှိခဲ့ပါသည်။

၁၅။ ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် ထိုင်ဝမ်၏ နိုင်ငံခြားငွေအရန်ငွေသည် ယခင်လတွင်ရှိခဲ့သော အမေရိကန်ဒေါ်လာ (၅၆၈.၁)ဘီလီယံမှ အမေရိကန်ဒေါ်လာ (၅၆၇.၀၁) ဘီလီယံသို့ ကျဆင်းသွားခဲ့ပါသည်။ ဤပမာဏသည် နိုင်ငံခြားငွေလဲလှယ်ရေးအရန်ငွေ စီမံခန့်ခွဲမှုနှင့် အခြားအရန်ငွေကြေးများ၏ ငွေလဲနှုန်း ရွေ့လျားပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ကာ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလနောက်ပိုင်းမှစ၍ အနိမ့်ဆုံးပမာဏဖြစ်ပါသည်။ ယခုနှစ်အတွင်း ထိုင်ဝမ်အစုရှယ်ယာဈေးကွက်မှ စီးထွက်သွားသော အသားတင်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏမှာ ဒေါ်လာ (၁၀) ဘီလီယံကျော် ရှိခဲ့ပြီး ဖြစ်ပါသည်။ ထိုင်ဝမ်ဒေါ်လာသည် အမေရိကန်ဒေါ်လာနှင့်နှိုင်းယှဉ်ပါ

က ငွေတန်ဖိုး၏ (၅) % ကျော်ဆုံးရှုံးခဲ့ပြီး၊ (၇) နှစ်ကျော်ကာလအတွင်း အနိမ့်ဆုံးသို့ ရောက်ရှိနေခြင်း ဖြစ်ပါသည်။

၁၆။ အောက်ဖော်ပြပါဂရပ်ဖ်ပုံတွင် (၂၅)နှစ်တာ ကာလအတွင်း အပြောင်းအလဲဖြစ်ပေါ်ခဲ့သော အမေရိကန်ဒေါ်လာနှင့် ထိုင်ဝမ်ဒေါ်လာ လဲလှယ်နှုန်းများကို ဖော်ပြထားပါသည်။ ထိုင်ဝမ်ဒေါ်လာတန်ဖိုးအကျဆုံးအချိန်ကာလမှာ ၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင်ဖြစ်ကာ၊ ဖြစ်ပေါ်ခဲ့သော ငွေလဲနှုန်းမှာ ထိုင်ဝမ်ဒေါ်လာ (၃၅.၀၁၀) ဒေါ်လာဖြစ်ပါသည်။ ထိုင်ဝမ်ဒေါ်လာ တန်ဖိုးအတက်ဆုံးအချိန်ကာလမှာ ၂၀၂၁ ခုနှစ်၊ မေလတွင်ဖြစ်ကာ၊ ဖြစ်ပေါ်သော ငွေလဲနှုန်းမှာ (၂၇.၅၂၄) ဒေါ်လာဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ဖြစ်ပေါ်နေသော ငွေလဲနှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် ထိုင်ဝမ်ဒေါ်လာ (၃၂.၁၈၁) ဒေါ်လာ ဖြစ်ပါသည် -




ရင်းမြစ်၊ Tradingeconomics.com

၁၇။ ပို့ကုန်အပေါ်မှီခိုနေရသော ထိုင်ဝမ်ကျွန်း၏ စီးပွားရေးသည် ချစ်ပ်များနှင့် အခြားနည်းပညာများအတွက် ကမ္ဘာလုံးဆိုင်ရာ ဝယ်လိုအားနှေးကွေးခြင်းနှင့်အတူ ရင်ဆိုင်နေရပါသည်။ ထိုင်ဝမ်ဗဟိုဘဏ်သည် ငွေကြေးတည်ငြိမ်မှုကို ထိန်းသိမ်းရန် လိုအပ်သလို ဝင်ရောက်စွက်ဖက်မည်ဟု ထပ်ခါတလဲလဲ ပြောကြားထားပါသည်။ ၂၀၂၃ ခုနှစ်၊ ပထမနှစ်ဝက်တွင် အသားတင် ဒေါ်လာ သန်း (၈၈၀) ကို ရောင်းချခဲ့ရကြောင်း အချက်အလက်များအရ တွေ့ရပါသည်။ ပြည်တွင်းငွေရေးကြေးရေးဈေးကွက်များ တည်ငြိမ်နေစေရန်နှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ နိုင်ငံတွင်းမှ ရန်ပုံငွေများကို ရုတ်တရက် ရွှေ့ပြောင်းသွားမှုမှ ကင်းဝေးစေရန်အတွက် လုံလောက်သော နိုင်ငံခြား အရန်ငွေများကို ထိန်းသိမ်းထားမည်ဟု ပြည်တွင်းဗဟိုဘဏ်မှ ပြောကြားထားပါသည်။

**တောင်ကိုရီးယားဝမ်ငွေ**

၁၈။ တောင်ကိုရီးယားတွင် ဝမ်ငွေကျဆင်းမှုကို ရပ်တန့်ရန် ကြိုးပမ်းမှုကြောင့် တစ်စိတ်တစ်ပိုင်းအားဖြင့် မတ်လမှစတင်၍ Forex အရန်ငွေသည် ပြီးခဲ့သည့်လတွင် ဒေါ်လာ ၆ ဘီလီယံနီးပါး ကျဆင်းသွားခဲ့ကြောင်း တောင်ကိုရီးယားဘဏ်၏ အချက်အလက်များအရ သိရပါသည်။ ၎င်း၏ နိုင်ငံခြားအရန်ငွေ ကျဆင်းမှုမှာ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် ပြုလုပ်ခဲ့သည့် အမျိုးသား အငြိမ်းစားဝန်ဆောင်မှုနှင့် နိုင်ငံခြားငွေလဲလှယ်ခြင်းကဲ့သို့သော ဈေးကွက်တည်ငြိမ်ရေးအစီအမံများအပါအဝင် အချက်များစွာနှင့် ဆက်စပ်နေကြောင်း နိုင်ငံ၏ဗဟိုဘဏ်က ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

၁၉။ ပြီးခဲ့သည့်လက နှုတ်ဖြင့်သတိပေးပြီးနောက် ဒေါ်လာနှင့် ယှဉ်ပါက ဝမ်ငွေကြေးအားကောင်းလာသောကြောင့်၊ ဝမ်ငွေ လျင်မြန်စွာကျဆင်းမှုကို တောင်ကိုရီးယားအစိုးရမှ ကူညီပေးခဲ့သည်ဟု စျေးကွက်များက ခန့်မှန်းလျက် ရှိကြောင်း ဆိုးလ်ရှိ Korea Investment & Securities မှ စီးပွားရေးပညာရှင် Moon Da Woon က ပြောကြားထားပါသည်။ ဧပြီလတွင် တစ်နှစ်ခွဲခန့်အတွင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ဒေါ်လာနှင့် ဝမ် လဲလှယ်နှုန်း (၁,၄၀၀) အထိ ရောက်ရှိလာသည့်အခါ ငွေကြေးလျင်မြန်စွာပြောင်းလဲမှုအား တောင်ကိုရီးယားဘဏ္ဍာရေးဝန်ကြီး ဌာနနှင့် ဗဟိုဘဏ်တို့ကနှုတ်ဖြင့် သတိပေးဝင်ရောက်စွက်ဖက်မှုပြုလုပ်ခဲ့ပါသည်။

၂၀။ ထိုအချိန်မှစ၍ ဝမ်ငွေ အားကောင်းလာခဲ့ကာ၊ မကြာသေးမီက ငွေလဲ နှုန်း (၁,၃၆၆.၅၀) ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်ဟု Refinitiv ၏အဆိုအရ သိရပါသည်။ (၂၅) နှစ်တွင်း အမေရိကန်ဒေါ်လာနှင့် ကိုရီးယားဝမ်ငွေတို့ကို ငွေလဲလှယ်နှုန်းများကို တစ်ဖက်ဖော်ပြပါဂရပ်ဖ်ပုံတွင် တွေ့နိုင်ပါသည်။ ဝမ်ငွေတန်ဖိုးအတက်ဆုံးအချိန်ကာလမှာ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလတွင်ဖြစ်ကာ၊ ဖြစ်ပေါ်ခဲ့သော ငွေလဲနှုန်းမှာ (၉၀၀.၃၀) ဝမ် ဖြစ်ပါသည်။ ဝမ်ငွေတန်ဖိုးအကျဆုံးကာလမှာ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင်ဖြစ်ကာ၊ ဖြစ်ပေါ်ခဲ့သော ငွေလဲနှုန်းမှာ (၁,၅၃၂၀၇၀) ဝမ်ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်၊ မေလ (၁၉) ရက်နေ့တွင် ငွေလဲနှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် (၁, ၃၅၃.၂၀) ဝမ် ဖြစ်ပါသည်။ Korea Investment & Securities မှ Moon က ယခုနှစ်ကုန်တွင် ဝမ်ငွေလဲနှုန်း (၁,၂၀၀)အထိ ပြန်လည်အားကောင်းလာမည်ဟု မျှော်လင့်ထားပါသည် -




ရင်းမြစ်၊ Tradingeconomics.com

## ဗီယက်နမ်ဒေါင်ငွေ

၂၁။ ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးသည် ရောနှောထားသော ဆိုရှယ်လစ်ဆန်သည့် ဈေးကွက် စီးပွားရေးစနစ်ဖြစ်ပြီး စက်မှုမူဝါဒများနှင့် မဟာဗျူဟာငါးနှစ်စီမံကိန်းများကို ပေါင်းစပ်ဖွဲ့စည်းထားပါသည်။ nominal gross domestic product (GDP) ဖြင့် တိုင်းတာပါက ဗီယက်နမ်သည် ကမ္ဘာပေါ်တွင် အဆင့် (၃၅) နေရာ၌ ရှိပြီး၊ လူတစ်ဦးချင်းဝယ်လိုအား (purchasing power parity - PPP) ဖြင့် တိုင်းတာပါက အဆင့် (၂၆) နေရာတွင် ရှိပါသည်။ ဗီယက်နမ်နိုင်ငံတွင် လူနေမှုကုန်ကျစရိတ်နည်းပါးကာ၊ ဝင်ငွေ အနိမ့်ပိုင်းမှ အလယ်အလတ်တန်းအထိရှိသောနိုင်ငံ ဖြစ်ပါသည်။

၂၂။ ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့ဝယ်လိုအား ကျဆင်းမှုနှင့် တရုတ်နိုင်ငံဘက်မှ ဝယ်လိုအား ကျဆင်းမှုတို့ကြောင့် ဗီယက်နမ်၏ ပို့ကုန် (၅.၇) ရာခိုင်နှုန်းကျဆင်းခဲ့

ကာ၊ GDP ဖွံ့ဖြိုးမှုလည်း (၄.၇ - ၅) ရာခိုင်နှုန်းဝန်းကျင်ဖြင့် နှေးကွေးခဲ့ပါသည်။ အမေရိကန်ဒေါ်လာနှင့် ငွေလဲနှုန်းတည်ငြိမ်စေရန်နှင့် အိမ်ခြံမြေကဏ္ဍ အကျပ်အတည်းကြောင့် ဗီယက်နမ်ဒေါင်၏ ငွေတန်ဖိုးကျဆင်းနေသည်မှာ နှစ်များစွာကြာပြီ ဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်အတွင်း အိမ်ခြံမြေကဏ္ဍ အကျပ်အတည်းသည် ကာလအတန်ကြာတည်ရှိခဲ့ပြီး အရင်းအနှီး အချိုးအစား အားနည်းခြင်းနှင့် ချေးငွေအန္တရာယ်မြင့်မားခြင်းတို့ကြောင့် ဘဏ်များဘက်တွင် ထိရှလွယ်နေပါသေးသည်။

၂၃။ အထူးသဖြင့် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ဗီယက်နမ် State Bank of Vietnam (SBV) ၏ ဒေါ်လာနှင့် ဒေါင်ငွေကြေး ဗဟိုသတ်မှတ်နှုန်းကို (၀.၇) ရာခိုင်နှုန်းမြှင့်၍ (၁)ဒေါ်လာလျှင် ဗီယက်နမ်ဒေါင် (၂၄,၀၃၆) သို့ ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။ ၎င်းလအတွင်း ဘဏ်အချင်းချင်း ဈေးကွက်ရှိငွေလဲနှုန်းကို (၂၄,၆၁၁) ဒေါင်သို့ (၁.၄) ရာခိုင်နှုန်းတိုးမြှင့်ခဲ့ရာ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလကုန်မှစ၍ အမြင့်ဆုံးအဆင့်ဖြစ်ပါသည်။ ထိုသို့မြင့်တက်လာခြင်းမှာ နိုင်ငံတကာဈေးကွက်တွင် ငွေကြေးလည်ပတ်ရာ၌ စင်္ကာပူငွေပမာဏကို ထိန်းသိမ်းရန် သို့မဟုတ် ဒေါ်လာအားကောင်းလာမှုနှင့် ဒေါ်လာနှင့် ဗီယက်နမ်ဒေါင် အတိုးနှုန်းများကြား အလွန်မြင့်မားသောကွာဟချက် (ခန့်မှန်း ၅ ရာခိုင်နှုန်း) ကြောင့် ဖြစ်ပါသည်။ များသောအားဖြင့် နိုင်ငံရေးအခြေအနေ မတည်ငြိမ်သည့်အခါ ဒေါ်လာအား ရင်းနှီးမြှုပ်နှံ မှုပြုနေသည့်ငွေကြေးအဖြစ်ရင်းနှီးမြှုပ်နှံကြပါသည်။

၂၄။ (၂၅) နှစ်တွင်း အမေရိကန်ဒေါ်လာနှင့် ဗီယက်နမ်ဒေါင်ငွေတို့ကို ငွေလဲလှယ်နှုန်းများကို တစ်ဖက်ဖော်ပြပါဂရပ်ဖ်ပုံတွင် တွေ့နိုင်ပါသည်။ ဗီယက်နမ်ဒေါင်တန်ဖိုးအတက်ဆုံးအချိန်ကာလမှာ ၂၀၀၈ ခုနှစ်၊ ဩဂုတ်လတွင်ဖြစ်ကာ၊ ဖြစ်ပေါ်ခဲ့သော ငွေလဲနှုန်းမှာ (၁၆,၄၆၀) ဒေါင် ဖြစ်ပါသည်။ ၎င်းနောက်ပိုင်းတွင် ဗီယက်နမ်

ငွေတန်ဖိုး တဖြည်းဖြည်းကျဆင်းလာခဲ့ကာ ၂၀၂၄ ခုနှစ်၊ မေလ (၁၉) ရက်နေ့တွင် ငွေလဲနှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် (၂၅,၄၄၈) ဒေါင် ဖြစ်ပါသည် -




ရင်းမြစ်၊ Tradingeconomics.com

၂၅။ ဗီယက်နမ်နိုင်ငံသည် ကြီးမားသော ကုန်သွယ်ရေးပိုငွေပြထားသည့် အားသာချက်များနှင့် FDI များကြောင့် ဒေါ်လာနှင့် ဒေါင်ငွေဖလှယ်ခြင်းအား တက်ကြွစွာ လုပ်ဆောင်နိုင်ဆဲ ဖြစ်ပါသည်။ ဗီယက်နမ်၏ နိုင်ငံခြားငွေကြေးအရန်ငွေမှာ ဒေါ်လာ (၉၅ - ၉၆) ဘီလီယံခန့် ရှိပါသည်။ ငွေကြေးဖောင်းပွမှုအားဖြင့်လည်း လတ်တလောတွင် တရုတ်နှင့် ဗီယက်နမ် (၂) နိုင်ငံလုံး၌ ကုန်စည်များကို အလွန်အကျွံထုတ်လုပ်၍ ရောင်းလိုအားရှိသဖြင့် ကုန်ဈေးနှုန်းကို ထိန်းချုပ်ထားနိုင်ပါသည်။ ၂၀၂၄ ခုနှစ်မှာ ဗီယက်နမ်အတွက် ငွေကြေးနှင့်ပတ်သက်သည့်ပြဿနာ ကြီးကြီးမားမားမရှိသေး

ကြောင်းနှင့် ငွေလဲနှုန်းမြင့်မားခြင်းကြောင့် စီးပွားရေးအပေါ် သက်ရောက်မှု ကြီးမားစွာမရှိသည်ကို တွေ့ရှိရပါသည်။

**အင်ဒိုနီးရှားရူပြား (IDR)**

၂၆။ အင်ဒိုနီးရှားတွင် နိုင်ငံခြားငွေကြေးလဲလှယ်မှုနှုန်း (၀၀၀) အားဖြင့် ဖြစ်ပေါ်နေသော်လည်း လက်ရှိအချိန်တွင် အင်ဒိုနီးရှား နိုင်ငံ၏ စီးပွားရေးမှာ ခိုင်မာသောလက္ခဏာများရှိသော ရောနှောသောစီးပွားရေးပုံစံ ဖြစ်ပါသည်။ ၎င်းသည် ကမ္ဘာပေါ်တွင် ထွန်းသစ်စဈေးကွက်စီးပွားရေးရှိသော နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ကာ၊ အရှေ့တောင်အာရှတွင် အကြီးဆုံးဖြစ်ပါသည်။ G20 ၏ ဝင်ငွေ အထက်တန်းမှ အလယ်အလတ်တန်းရှိ နိုင်ငံလည်းဖြစ်၊ အဖွဲ့ဝင်နိုင်ငံလည်းဖြစ်သည့်အားလျော်စွာ အင်ဒိုနီးရှားနိုင်ငံအား စက်မှုနိုင်ငံအသစ်အဖြစ် အမျိုးအစားသတ်မှတ်ထားပါသည်။ ၂၀၂၃ ခုနှစ်တွင် အင်ဒိုနီးရှားသည် အမည်ခံ GDP (Nominal GDP) အားဖြင့် ကမ္ဘာ့ (၁၆) ခုမြောက် အကြီးဆုံး စီးပွားရေးဖြစ်ပြီး၊ လူတစ်ဦးချင် GDP (PPP) အရ (၇) ခုမြောက် အကြီးဆုံး ဖြစ်ပါသည်။ အင်ဒိုနီးရှား၏ အင်တာနက စီးပွားရေးမှာ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၇၇) ဘီလီယံသို့ ရောက်ရှိခဲ့ကာ၊ ၂၀၂၅ ခုနှစ်တွင် ဒေါ်လာ (၁၃၀) ဘီလီယံကျော်မည်ဟု ခန့်မှန်း ထားပါသည်။

၂၇။ အင်ဒိုနီးရှားသည် ပြည်တွင်းဈေးကွက်နှင့် အစိုးရဘတ်ဂျက်အသုံးစရိတ်နှင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ ပိုင်ဆိုင်မှုအပေါ် မှီခိုနေပါသည်။ ဗဟိုအစိုးရက ပိုင်ဆိုင်သော လုပ်ငန်း ပေါင်း (၁၄၁) ခု ရှိပါသည်။ အခြေခံကုန်စည် (ဆန်နှင့် လျှပ်စစ်ဓာတ်အား အပါအဝင်) ဈေးနှုန်းများ စီမံခန့်ခွဲခြင်းမှာ အင်ဒိုနီးရှားနိုင်ငံ၏ ဈေးကွက်စီးပွားရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ သို့ရာတွင် ၁၉၉၀ ပြည့်နှစ်

များမှစ၍ အဓိကစီးပွားရေးကို အင်ဒိုနီးရှားနိုင်ငံသား တစ်ဦးချင်းပိုင် ကုမ္ပဏီများနှင့် နိုင်ငံခြားကုမ္ပဏီများက ထိန်းချုပ်လျက် ရှိပါသည်။

၂၈။ အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဗဟိုဘဏ်က ၎င်း၏ငွေကြေးကို အတိုးနှုန်းအခြေခံ (၂၅) မြှင့်လျက် (၆.၂၅) % သို့ မမျှော်လင့်ဘဲ မြှင့်တင်ခဲ့ပါသည်။ ၎င်းနောက်ရူပြားငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် (၁၆,၃၀၀) နီး ပါးမှ (၁၆,၀၀၀) သို့ အနည်းငယ်ပြန်လည်မြင့်တက်လာသော်လည်း ပြီးခဲ့သည့်လတွင် ကျဆင်းခဲ့သော လေးနှစ်အနိမ့်ဆုံးအဆင့်မှ ပြန်လည်အားကောင်းလာခြင်း မရှိသေး သည်ကို တွေ့ရပါသည်။ (၂၅) နှစ်တွင်း အမေရိကန်ဒေါ်လာနှင့် အင်ဒိုနီးရှားရူပြားတို့ ၏ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ဖော်ပြပါဂရပ်ဖ်ပုံတွင် တွေ့နိုင်ပါသည်။ ရူပြားတန် ဖိုးအတက်ဆုံးအချိန်ကာလမှာ ၁၉၉၉ ခုနှစ်၊ ဇူလိုင်လတွင်ဖြစ်ကာ၊ ဖြစ်ပေါ်ခဲ့သော ငွေလဲနှုန်းမှာ (၆,၆၈၀) ရူပြား ဖြစ်ပါသည်။ ရူပြားတန်ဖိုးအကျဆုံးကာလမှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင်ဖြစ်ကာ၊ ဖြစ်ပေါ်ခဲ့သောငွေလဲနှုန်းမှာ (၁၆,၃၀၀) ရူပြား ဖြစ်ပါ သည်။ ၂၀၂၄ ခုနှစ်၊ မေလ (၁၉) ရက်နေ့တွင် ငွေလဲနှုန်းမှာ အမေရိကန်တစ်ဒေါ်လာ လျှင် (၁၅,၉၅၈) ရူပြား ဖြစ်ပါသည်။

၂၉။ အင်နီးရှားဘဏ် အုပ်ချုပ်ရေးမှူး Perry Warjiyo က အချက်အလက်များ အရ အတိုးနှုန်းကို လတ်တလော ထပ်မံမြှင့်တင်ရန် မရှိကြောင်း၊ တစ်ဒေါ်လာလျှင် (၁၆,၀၀၀) ရူပြားအောက်အထိရှိစေပြီး၊ ငွေအားကောင်းအောင် လုပ်ဆောင်မည်ဖြစ် ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ပါသည်။




ရင်းမြစ်၊ Tradingeconomics.com

## အိန္ဒိယရူပီး (INR)

၂၀။ ယခင်လက တစ်ဒေါ်လာလျှင် (၈၃.၇၃၉) သို့ အနိမ့်ဆုံးနှုန်းနှုန်းအဖြစ် ကျဆင်းသွားသော်လည်း အိန္ဒိယရူပီးမှာ အတည်ငြိမ်ဆုံး အာရှငွေကြေးများထဲမှ တစ်ခု ဖြစ်ပါသည်။ အဆိုပါငွေကြေးကို အိန္ဒိယအရန်ငွေကြေးဘဏ်က အောက်တိုဘာလဆန်းပိုင်းမှစတင်၍ "ကြီးကြီးမားမား စီမံခန့်ခွဲခြင်း" ဖြင့် ကျဉ်းမြောင်းသော အကွာအဝေးဖြစ်သည့် (၈၃) ရူပီးတွင် အရောင်းအဝယ်ဖြစ်စေလျက်ရှိကြောင်း၊ မလေးရှားနိုင်ငံမှလွဲ၍ အာရှတိုက်ရှိ ဗဟိုဘဏ်နှင့် ဒေသတွင်းဘဏ်များအားလုံးတွင် သွင်းကုန်များ၏ ခြောက်လကျော်ကို ကာမိစေရန် နိုင်ငံခြား အရန်ငွေများ ရှိကြောင်းနှင့် ယင်းမှာ လုံလောက်သော အရန်ငွေ၏ သတ်မှတ်ချက်ဖြစ်ကြောင်း စင်ကာပူနိုင်ငံရှိ ING မှ

အာရှပစိဖိတ်ဒေသဆိုင်ရာ ဘောဂဗေဒပညာရှင် Rob Carnell ၏ အဆိုအရ သိရပါသည်။

၃၁။ (၂၅) နှစ်တွင်း အမေရိကန်ဒေါ်လာနှင့် အိန္ဒိယရူပီးတို့၏ ငွေလဲလှယ်နှုန်းများကို အောက်ဖော်ပြပါဂရပ်ဖ်ပုံတွင် တွေ့နိုင်ပါသည်။ ရူပီးတန်ဖိုးအတက်ဆုံးအချိန်ကာလမှာ ၂၀၀၈ ခုနှစ်၊ မတ်လတွင်ဖြစ်ကာ၊ ဖြစ်ပေါ်ခဲ့သောငွေလဲနှုန်းမှာ (၃၉.၂၇) ရူပီး ဖြစ်ပါသည်။ ယခုကာလမှာ ရူပီးတန်ဖိုးအကျဆုံးကာလဖြစ်ကာ ၂၀၂၄ ခုနှစ်၊ မေလ (၁၉) ရက်နေ့တွင် အမေရိကန်တစ်ဒေါ်လာလျှင် (၈၃.၀၃၀) ရူပီး ဖြစ်ပါသည်။




ရင်းမြစ်၊ Tradingeconomics.com

**ဖိလစ်ပိုင်ပီဆို (PHP)**

၃၂။ ဖိလစ်ပိုင်ပီဆို (PHP) နှင့် အမေရိကန်ဒေါ်လာလဲနှုန်းသည် ၂၀၂၄ ခုနှစ် အတွင်း အတက်အကျများ ကြုံတွေ့ခဲ့ရပါသည်။ သို့ရာတွင်Bangko Sentralng Pilipinas (BSP) အနေဖြင့် မကြာသေးမီက ငွေလဲနှုန်းဈေးကွက်ကို ဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် သြဇာလွှမ်းမိုးခြင်း မရှိခဲ့ကြောင်း တွေ့ရပါသည်။ BSP ၏ ယခုနှစ် အစပိုင်းတွင် ကျင်းပခဲ့သော အစည်းအဝေး၌ အတိုးနှုန်းအား (၆.၅) % တွင် တည်ငြိမ်စွာထားရှိခဲ့သော်လည်း၊ ၂၀၂၄ ခုနှစ်အကုန်ပိုင်းတွင် (၅.၅) % နှင့် ၂၀၂၅ ခုနှစ် အကုန်ပိုင်းတွင် (၄.၅) % လျှော့ချမည့် အရိပ်အယောင်များ တွေ့မြင်ရပါသည်။ BSP Governor Eli M. Remolona Jr. ၏ Bloomberg TV နှင့် အင်တာဗျူးတွင် လက်ရှိ ဖိလစ်ပိုင်ပီဆို၏ အရွေ့ကို လက်ခံကြောင်း၊ BSPမှ (မကြာသေးမီက) ကြားဝင်ဆောင်ရွက်ပေးနေသော်လည်း ပီဆိုပမာဏကို အမှန်တကယ်မထိခိုက်စေဘဲ ဈေးကွက်များကို စည်းစနစ်တကျရှိစေရန် ပမာဏအနည်းငယ်ဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း မေလ (၁၇) ရက်နေ့တွင် ဖြေကြားခဲ့ပါသည်။

၃၃။ (၂၅) နှစ်တွင်း အမေရိကန်ဒေါ်လာနှင့် ဖိလစ်ပိုင်ပီဆိုငွေတို့၏ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ဖော်ပြပါဂရပ်ဖ်ပုံတွင် တွေ့နိုင်ပါသည်။ ပီဆိုတန်ဖိုး အတက်ဆုံးအချိန်ကာလမှာ ၁၉၉၉ ခုနှစ်၊ ဇွန်လတွင်ဖြစ်ကာ၊ ဖြစ်ပေါ်ခဲ့သော ငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် (၃၈) ပီဆို ဖြစ်ပါသည်။ ၎င်းနောက် ၂၀၀၃ - ၂၀၀၅ ဝန်းကျင်တွင် ပီဆိုငွေတန်ဖိုး ကျဆင်းခဲ့ပါသည်။ ၎င်းနောက် ငွေတန်ဖိုးပြန်လည်တက်လာခဲ့ကာ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလမှစတင်၍ ပီဆိုငွေတန်ဖိုးမှာ ၂၀၀၃-၂၀၀၅ ဝန်းကျင်ထက်ပင် ကျော်လွန်၍ ပြန်လည်ကျဆင်းခဲ့သည်ကို လေ့လာတွေ့ရှိပါသည်။ ၂၀၂၄

ခုနှစ်၊ မေလ (၁၉) ရက်နေ့တွင် အမေရိကန်တစ်ဒေါ်လာလျှင် (၅၇.၈၅၀) ပီဆို ဖြစ်ပါ သည်။




ရင်းမြစ်၊ Tradingeconomics.com

**မလေးရှား ရင်းဂစ် (MYR)**

၃၄။ ဖေဖော်ဝါရီလတွင် ၎င်း၏ (၂၆) နှစ်တာ အနိမ့်ဆုံးဖြစ်သော (၄.၇၉၆၅) သို့ ကျဆင်းသွားပြီးနောက် မလေးရှားရင်းဂစ်သည် တစ်ဒေါ်လာလျှင် (၄.၇၃၇) ဖြင့် အရောင်းအဝယ်ဖြစ်နေပါသည်။ ဒေါ်လာတန်ဖိုး အားကောင်းခြင်းကြောင့် ရင်းဂစ်၏ အားနည်းနေခြင်းအပေါ်၊ မလေးရှား၏ စာရင်းရှင် ပို့ငွေပြမှု ကျဆင်းခြင်းနှင့် တရုတ်ယွမ်နှင့် ခိုင်မာသော ငွေကြေးဆက်နွယ်မှုရှိနေခြင်းတို့ကြောင့်လည်း ရင်းဂစ်ငွေကြေး ပိုမိုအားနည်းသွားခြင်း ဖြစ်ပါသည်။

၃၅။ (၂၅) နှစ်တွင်း အမေရိကန်ဒေါ်လာနှင့် မလေးရှားရင်းဂစ်တို့၏ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ဖော်ပြပါဂရပ်ဖ်ပုံတွင် တွေ့နိုင်ပါသည်။ ရင်းဂစ်တန်ဖိုး

အတက်ဆုံးအချိန်ကာလမှာ ၂၀၁၁ ခုနှစ်၊ ဧပြီလတွင်ဖြစ်ကာ၊ ဖြစ်ပေါ်ခဲ့သော ငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် (၂.၉၆၁) ရင်းဂစ်ဖြစ်ပါသည်။ ရင်းဂစ်ငွေတန်ဖိုးမှာ ၂၀၂၂ ဝန်းကျင်မှစ၍ တန်ဖိုးအကျဆုံးဖြစ်လျက်ရှိကာ ၂၀၂၄ ခုနှစ်၊ မေလ (၁၉) ရက်နေ့တွင် အမေရိကန်တစ်ဒေါ်လာလျှင် (၄.၆၆၂၉) ရင်းဂစ် ဖြစ်ပေါ်နေပါသည် -




ရင်းမြစ်၊ Tradingeconomics.com

## စင်ကာပူဒေါ်လာ (SGD)

၃၆။ စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့ (MAS) သည် အတိုးနှုန်းထက် ငွေလဲနှုန်းဖြင့် ငွေကြေးမူဝါဒကို စီမံခန့်ခွဲပါသည်။ စင်ကာပူရှိ ငွေကြေးမူဝါဒ၏ အဓိက ရည်ရွယ်ချက်မှာ MAS အက်ဥပဒေတွင်ဖော်ပြထားသည့်အတိုင်း "စီးပွားရေး၏ရေရှည် တည်တံ့သောတိုးတက်မှုအတွက် အထောက်အကူဖြစ်စေသော ဈေးနှုန်းတည်ငြိမ်မှုကို ထိန်းသိမ်းရန်" ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်တွင် စင်ကာပူစီးပွားရေး၌ ကုန်သွယ်မှုနှင့် GDP အချိုးမှာ (၃၃၆) % ရှိခဲ့သဖြင့် တံခါးအပြည့်အဝဖွင့်ပေးထားသည့် ငွေလဲနှုန်းကို

ထိန်းချုပ်ရန်မှာ စင်ကာပူစီးပွားရေး၏အတွက် မရှိမဖြစ်လိုအပ်ပါသည်။ ၁၉၈၀ မှ ၂၀၂၃ ခုနှစ်အတွင်း စင်ကာပူ၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ ပျမ်းမျှ (၂) ရာခိုင်နှုန်းနီးပါး ရှိခဲ့ပါသည်။

၃၇။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပခဲ့သော MAS မူဝါဒအစည်းအဝေးတွင် ၂၀၂၄ ခုနှစ်အတွင်း စီးပွားရေးလုပ်ဆောင်မှုများ ပိုမိုအားကောင်းလာနိုင်ကြောင်း၊ငွေကြေးဖောင်းပွမှုမှာ ဆက်လက်မြင့်မားနေသော်လည်း ယခုနှစ်အတွင်း ကျဆင်းသွားနိုင်ကြောင်း၊ ငွေလဲနှုန်းကို သင့်လျော်သလို ဆက်လက်တန်ဖိုးတက်စေကာ သွင်းကုန်ငွေကြေးဖောင်းပွမှုနှင့် ပြည်တွင်းကုန်ကျစရိတ် ဖိအားများကို ဆက်လက်ကျဆင်းစေမည်ဖြစ်ကြောင်း၊ နောက်ထပ်ပြင်ပလှုပ်ခတ်မှုများကို တားဆီးခြင်းဖြင့် စင်ကာပူဒေါ်လာ ပိုမိုအားကောင်းလာစေမည်ဖြစ်ကြောင်း ခန့်မှန်းခဲ့ကြပါသည်။

၃၈။ (၂၅) နှစ်တွင်း အမေရိကန်ဒေါ်လာနှင့် စင်ကာပူဒေါ်လာတို့၏ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ဖော်ပြပါဂရပ်ဖ်ပုံတွင် တွေ့နိုင်ပါသည်။ စင်ကာပူဒေါ်လာတန်ဖိုးအကျဆုံးအချိန်ကာလမှာ ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလတွင်ဖြစ်ကာ၊ ဖြစ်ပေါ်ခဲ့သော ငွေလဲနှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် စင်ကာပူဒေါ်လာ (၁.၈၃၉၈) ဒေါ်လာဖြစ်ပါသည်။ စင်ကာပူဒေါ်လာတန်ဖိုးအတက်ဆုံးအချိန်မှာ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလတွင်ဖြစ်ကာ၊ ဖြစ်ပေါ်ခဲ့သော ငွေလဲနှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် စင်ကာပူဒေါ်လာ (၁.၂၀၃၈) ဒေါ်လာဖြစ်ပါသည်။ စင်ကာပူဒေါ်လာမှာ အတက်အကျ အနည်းအကျဉ်းအတွင်း၌သာ အတက်အကျဖြစ်ပေါ်လေ့ရှိပြီး ၂၀၂၄ ခုနှစ်၊ မေလ (၁၉) ရက်နေ့တွင် ငွေလဲနှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် စင်ကာပူဒေါ်လာ (၁.၃၅၄၅) ဒေါ်လာဖြစ်ပါသည် -




ရင်းမြစ်၊ Tradingeconomics.com

## တရုတ်ယွမ်ငွေ (CNY)

၃၉။ တရုတ်နိုင်ငံတွင် တရုတ်ပြည်သူ့ဘဏ် (People's Bank of China - PBOC) သည် ငွေကြေး ရိုက်နှိပ်ခြင်း၊ အရန်ငွေအချိုးကို ပြောင်းလဲခြင်းနှင့် လျှော့စျေး (discount rate) ကို ချိန်ညှိခြင်းဖြင့် ငွေကြေးထောက်ပံ့မှုကို စီမံခန့်ခွဲပါသည်။ ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး စီးပွားရေးဖြစ်သော တရုတ်နိုင်ငံသည် တင်းကျပ်သော အစိုးရထိန်းချုပ်မှုနှင့် လွတ်လပ်သောဈေးကွက်ဆိုင်ရာ အစိတ်အပိုင်းနှစ်ရပ်လုံးဖြင့် ထူးခြားပြီး ပွင့်လင်းသော ဆိုရှယ်လစ်ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးပါသည်။ ထုတ်လုပ်မှုနှင့် ပို့ကုန်ကို မောင်းနှင်သော စီးပွားရေးတစ်ခုအနေဖြင့် တရုတ်ငွေကြေးနှင့် နိုင်ငံခြားငွေကြေး လဲလှယ်နှုန်းများမှာ ငွေကြေးထောက်ပံ့မှုကို သိသိသာသာ သက်ရောက်မှုရှိပါသည်။

၄၀။ တရုတ်ဗဟိုဘဏ် ၏ အဓိကတာဝန်တစ်ရပ်မှာ ကုန်သွယ်မှုပိုငွေမှ နိုင်ငံခြားအရင်းအနှီးများ စီးဝင်မှုကို ဆွဲယူရန်ဖြစ်ပါသည်။ PBOC သည် ပြည်ပတင်ပို့သူများထံမှ နိုင်ငံခြားသုံးငွေများကို ပြည်တွင်းသုံးတရုတ်ယွမ်ငွေဖြင့် ဝယ်ယူပါသည်။ တရုတ်ပို့ကုန်များ ဈေးသက်သာစွာ ဆက်ရှိနေရန် နိုင်ငံခြားငွေလဲနှုန်း အပြောင်းအလဲကို တင်းကြပ်သောအကွာအဝေးတွင်သာ ရှိနေစေပါသည်။ တရုတ်နိုင်ငံတွင် ငွေကြေးဖောင်းပွမှုအခြေအနေပေါ် မူတည်၍ အထောက်အပံ့ပေးမှုများနှင့် ဈေးနှုန်းတည်ငြိမ်စေရန် ထိန်းကျောင်းဆောင်ရွက်မှုများ ရှိပါသည်။

၄၁။ ငွေလဲနှုန်း အတက်အကျနှင့် ပိုင်ဆိုင်ပစ္စည်းဈေးနှုန်းများ မြင့်တက်နေသောကြောင့် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် တရုတ်နိုင်ငံ၏ နိုင်ငံခြားငွေ အရန်ငွေမှာ ဒေါ်လာ (၃. ၂) ထရီလီယံအထိ မြင့်တက်ခဲ့ကြောင်း State Administration of Foreign Exchange (SAFE) က ထုတ်ပြန်ခဲ့ပါသည်။ ၎င်းထုတ်ပြန်ချက်တွင် နိုင်ငံခြားအရန်ငွေထားရှိမှုများကို တည်ငြိမ်စေရန်အတွက် အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်သော လုပ်ငန်းစဉ်များနှင့် နိုင်ငံ၏ ခိုင်မာသောစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့က ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ နည်းပညာဆန်းသစ်တီထွင်မှုနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီရန် အာရုံစိုက်ခြင်းဖြင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို လွယ်ကူချောမွေ့စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပါဝင်ခဲ့ပါသည်။

၄၂။ ၎င်းနှင့်အပြင် တရုတ်နိုင်ငံ၏ ရွှေအရန်ငွေပမာဏမှာ ၂၀၂၃ ခုနှစ်တွင် အောင်စ (၇.၂၃) သန်းရှိခဲ့ရာမှ အောင်စ (၇၁.၈၇) သန်းအထိ တိုးလာကြောင်း ထုတ်ပြန်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ အရန်ရွှေပမာဏမှာ တရုတ်နိုင်ငံ၏ ရွှေအရန်ငွေထားရှိမှု (၁၄)လဆက်တိုက် တိုးလာခဲ့သည့်ပမာဏလည်း ဖြစ်ပါသည်။

၄၃။ တရုတ်ပြည်သူ့ဘဏ် (PBOC) က ဈေးကွက်များတွင် မတည်ငြိမ်မှု အနည်းဆုံးဖြစ်အောင် မကြာခဏ ကြားဝင်ဆောင်ရွက်ပေးနေသည့်တိုင် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ အမေရိကန်ဒေါ်လာနှင့် ယွမ်ငွေလဲနှုန်းတွင် ဒေါ်လာက (၁၂) % ကျော် အလေးသာလျက် ရှိပါသည်။ ယမန်နှစ်အစတွင် ၎င်း၏ကူးစက်ရောဂါ ကန့်သတ်ချက်များကို နောက်ဆုံးတွင်ပယ်ချလိုက်ပြီးကတည်းက အိမ်ခြံမြေအကျပ် အတည်းဆက်လက်ဖြစ်ပေါ်နေမှုကြောင့် ရင်းနှီးမြှုပ်နှံသူယုံကြည်မှုကို ကျဆင်းစေ ခြင်းနှင့် စားသုံးသူသုံးစွဲမှု အားနည်းနေခြင်းတို့ကြောင့် ယွမ်ငွေတန်ဖိုး ဆက်လက် ကျဆင်းလျက် ရှိပါသည်။ ထို့ကြောင့် PBOC အား လျှော့ရဲသောငွေကြေးမူဝါဒကို ဆက်လက်ထိန်းသိမ်းထားရန်နှင့် သုံးစွဲမှုများ ပိုမိုပြုလုပ်ရေး အားပေးရန် တွန်းအား ပေးလျက်ရှိပါသည်။

၄၄။ (၂၅) နှစ်တွင်း အမေရိကန်ဒေါ်လာနှင့် တရုတ်ယွမ်တို့၏ ငွေလဲလှယ်နှုန်း များကို တစ်ဖက်ဖော်ပြပါဂရပ်ဖ်ပုံတွင် တွေ့နိုင်ပါသည်။ ယွမ်ငွေတန်ဖိုးအတက်ဆုံးအ ချိန်ကာလမှာ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင်ဖြစ်ကာ၊ ဖြစ်ပေါ်ခဲ့သော ငွေလဲနှုန်းမှာ တ စ်ဒေါ်လာလျှင် (၆.၀၃၄) ယွမ် ဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်၊ ပထမဆယ်လအတွင်း ယေ ဘုယျအားဖြင့် US ဒေါ်လာနှင့် လဲလှယ်သော တရုတ်ယွမ်ငွေတန်ဖိုးဈေးကျခဲ့သော် လည်း ၊ ၂၀၂၄ ခုနှစ်အတွင်း အမေရိကန်ဘက်မှ မူဝါဒနှုန်းထား ဖြတ်တောက်မည်ဟု မျှော်လင့်ချက်၊ တရုတ်နိုင်ငံ၏ စီးပွားရေးတဖြည်းဖြည်းနာလန်ထူလာမှုနှင့် ကုန်သွယ် မှုပိုငွေ ဆက်လက်ဖြစ်ပေါ်နေမှုတို့ကြောင့် နိုဝင်ဘာလလယ်တွင် အားကောင်းလာပြီး တစ်ဒေါ်လာလျှင် (၇.၀) မှ (၇.၂) ယွမ် အတွင်း တည်ငြိမ်သွားခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ မေလ (၁၉) ရက်နေ့တွင် ငွေလဲနှုန်းမှာအမေရိကန်တစ်ဒေါ်လာလျှင် (၇.၂၃၂၃) ယွမ် ဖြစ်ပါသည် -




ရင်းမြစ်၊ Tradingeconomics.com

## ဟောင်ကောင်ဒေါ်လာ (HKD)

၄၅။ ဟောင်ကောင်ဒေါ်လာ (HKD) သည် ရာသီအလိုက် ကော်ပိုရိတ်ရန်ပုံငွေလိုအပ်ချက်များ၊ ပိုမိုခိုင်မာသော HKD အတိုးနှုန်းများနှင့် (အရည်အချင်းပြည့်မီသော ပြည်မကြီးမှ ရင်းနှီးမြှုပ်နှံသူများကို ဟောင်ကောင်တွင် စာရင်းသွင်း၍ အစုရှယ်ယာများကို ရောင်းဝယ်ခွင့်ပြုသည့်) Southbound အစုရှယ်ယာချိတ်ဆက်မှုမှတစ်ဆင့် အသားတင်ဝယ်ယူမှုစီးဆင်းမှုများကြောင့် အဓိကအားဖြင့် ၂၀၂၃ ခုနှစ် စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း အားကောင်းလာခဲ့ပါသည်။ ၎င်းအခြေအနေသည် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျယ်ပြန့်စွာဖြင့် တည်ငြိမ်နေခဲ့သော်လည်း၊ ငွေဖြစ်လွယ်မှုနည်းလာမှုကြောင့် ၂၀၂၄ ခုနှစ် အစောပိုင်းတွင် တည်ငြိမ်နေခဲ့ပါသည်။

၄၆။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လကတည်းက US Federal Reserve (Fed) ၏ မူဝါဒနှုန်းကို မပြောင်းလဲဘဲ ထိန်းသိမ်းထားသောကြောင့် ဟောင်ကောင်ပြည်တွင်းဘဏ်များက

လည်း ၎င်းတို့၏ အကောင်းဆုံးဈေးငွေနှုန်းထားများကို မပြောင်းလဲဘဲ (၅.၈၇၅) % မှ (၆.၃၇၅) % အတွင်း ထိန်းသိမ်းထားကြပါသည်။ ဟောင်ကောင်၏တရားဝင်နိုင်ငံခြားငွေအရန်ပိုင်ဆိုင်မှုပမာဏသည် ၂၀၂၄ ခုနှစ်၊ဖေဖော်ဝါရီလကုန်တွင် အမေရိကန်ဒေါ်လာ (၄၂၅.၁) ဘီလီယံ ရှိကြောင်း ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့ (HKMA) မှ ယခုနှစ် မတ်လ (၇) ရက်နေ့တွင် ကြေငြာခဲ့ပါသည်။ ၎င်းနိုင်ငံခြားငွေအရန်ပိုင်ဆိုင်မှုပမာဏသည် လည်ပတ်နေသောငွေကြေး၏ငါးဆကျော် သို့မဟုတ် ဟောင်ကောင်ဒေါ်လာ M3 ၏ (၄၀) % ခန့်ကို ကိုယ်စားပြုပါသည်။

၄၇။ (၂၅) နှစ်တွင်း အမေရိကန်ဒေါ်လာနှင့် ဟောင်ကောင်ဒေါ်လာတို့၏ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ဖော်ပြပါဂရပ်ဖ်ပုံတွင် တွေ့နိုင်ပါသည်။ ဟောင်ကောင်ဒေါ်လာတန်ဖိုးအတက်ဆုံးအချိန်ကာလမှာ ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလတွင်ဖြစ်ကာ၊ ဖြစ်ပေါ်ခဲ့သော ငွေလဲနှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် ဟောင်ကောင်ဒေါ်လာ (၇.၇၄၃၇) ဒေါ်လာဖြစ်ပါသည်။ ဟောင်ကောင်ဒေါ်လာသည် ၂၀၁၈-၂၀၁၉ နှင့် ၂၀၂၂-၂၀၂၃ ခုနှစ်များတွင် တန်ဖိုးများစွာကျခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ မေလ (၁၉) ရက်နေ့တွင် ငွေလဲနှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် ဟောင်ကောင်ဒေါ်လာ (၇.၉၉၂) ဒေါ်လာ ဖြစ်ပါသည် -




ရင်းမြစ်၊ Tradingeconomics.com

**သုံးသပ်တင်ပြချက်**

၄၈။ ယခုနှစ်ပိုင်းတွင် အမေရိကန်ဒေါ်လာကြောင့် အာရှ၏ ခိုင်မာသော ငွေကြေးများပင်လျှင် တန်ဖိုးကျဆင်းနေရပါသည်။ ၎င်းနိုင်ငံများတွင် ပို့ကုန်များ ကန့်သတ်ခံရခြင်းတို့ မရှိသည့်အပြင် သွင်းကုန်များအား ထိန်းချုပ်ခြင်းကိုလည်း ကန့်သတ်ပစ္စည်းများမှအပ ပြုခြင်းမရှိဘဲ၊ ဒေါ်လာနှင့် ငွေလဲနှုန်းအား ဈေးကွက်အရ ထားရှိကြသည်က များပါသည်။ ထိုသို့သော နိုင်ငံများ၌ပင်လျှင် ပြည်တွင်းငွေကြေးတန်ဖိုးကျဆင်းနေရသည်ဖြစ်ရာ၊ လက်တလော ထိန်းချုပ်ဆောင်ရွက်နေမှုများနေသော၊ ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများအပါအဝင် အဟန့်အတားများ ဖြစ်ပေါ်နေသည့် မြန်မာနိုင်ငံအတွက် ၎င်း၏ ကျပ်ငွေတန်ဖိုးအပေါ် များစွာသက်ရောက်လာနိုင်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ဒေါက်တာရွှေစင်ကို

ရင်းမြစ်၊ Nikki Asia (၁၃-၅-၂၀၂၄)

https://www.reuters.com/markets/asia/thai-cbank-raises-key-rate-cuts-growth-outlook-2023-09-27/

https://www.bot.or.th/en/statistics/exchange-rate.html

https://www.bot.or.th/en/news-and-media/news/news-20240430.html

https://www.reuters.com/markets/rates-bonds/thai-central-bank-holds-key-rate-defies-government-calls-cuts-2024-04-10/

US consumer inflation resumes downward trend as domestic demand cools | Reuters

Taiwan's forex reserves hit new high at end of 2023 - Focus Taiwan

Taiwan central bank flags forex intervention if 'extreme' fluctuations | Reuters

Infocus_Singapore_exchange_rate.pdfInfocus_Singapore_exchange_rate.pdf (efginternational.com)

How Strong Will The Chinese Renminbi (RMB) Be In 2024? | Disruption Banking

China's forex reserves rise for 2nd consecutive month - CGTN

How Does China Manage Its Money Supply? (investopedia.com)

https://mb.com.ph/2024/5/17/bsp-not-intervening-much-in-peso-us-dollar-rate

https://www.hkma.gov.hk/eng/news-and-media/press-releases/2024/03/

20240307-6/

Half-Yearly Monetary and Financial Stability Report - March 2024

(hkma.gov.hk)